စိုး•မိုး•စာ•ပေ

# ပန်းသီခိုင်

## တစ်ယောက်ကို တစ်ယောက် တစ်သက်လုံးအတွက်



design : bo bo htoon

'မြပန်းချီ'က ဖိုင်တွဲအထပ်လိုက်ကို လက်ထဲပိုက်ထားရင်း ခြေလှမ်းကြဲနှင့် လျှောက်လာ သော ခန့်ညားအောင်ကို နှုတ်ဆက်ပြုံးပြလိုက်၏။

တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်းဆုံခိုက်မှာ ပင့်ကူမျှင်တွေလို ငြိတွယ်သွားသည့် သံယောဇဉ်ကို ကိုယ်တိုင်ပဲသိကြသည် ။

သည် တစ်ခါတော့ အချစ်က 'ချို'ပြီထင်ပါရဲ့ ။ နက်ပြာရောင် ကုတ်အင်္ကျီအောက်မှာ ရှပ်အင်္ကျီအပြာနုနှင့် ဘောင်းဘီရှည်ကလည်း နက်ပြာရောင် ရှူးဖိနပ်အနက်က ပြောင်လက်ပြီး လက်ထဲဆွဲထားသော လေညှ င်းရောင်စိုစို လက်ကိုင်အိတ်နှင့် ပုံသဏ္ဍာန်ကို လှမ်းမြင်ရုံနှင့် အလုပ်ရှင်သူဌေးမှန်း သိသာလွန်းနေသည် ။

'မြပန်းချီ'အတွေးအိမ်ထဲမှာ ချစ်သူကို အထင်ကြီး အားကိုးစိတ်နှင့် ဂုဏ်ယူမြတ်နိုးစိတ်နှင့် ကြည်နူးမှုတစ်မျိုး ဖြစ်ပေါ်ကာ နှုတ်ခမ်းလေးတွေက စေ့မရအောင် ပြုံးနေမိသည် ။

"မြပန်းချီ"

"ရှင်"

ဓာတ်လှေကားရှေ့မှာ မျက်နှာချင်းဆိုင် ရပ်မိသောအခါ ခန့်ညားအောင်က ခေါ်လိုက်၏။

"ခဏနေရင် ကော်ဖီသောက်ဖို့ လာခေါ်မယ်"

"ဟုတ်ကဲ့"

ဆတ်ခနဲ ခေါင်းညိတ်ပြီးမှ ...

"ကိုခန့်"ဟု ပြန်ခေါ်ပြီး

"ကားနားမှာ မြပန်းချီကိုစောင့်ပေးပါ"ဟု တောင်းဆိုမိ၏။ အလုပ်စားပွဲထိ လာပြီး ခေါ်တာကိုမလိုချင်။

တခြားသူတွေ တစ်မျိုးတမည် ကြည့်ကြမှာ မလိုလားပါ။

ဣန္ဒြေရရ စိတ်အေးအေးပဲ ချစ်ချင်သည် ။

ခန့်ညားအောင်က အသစ်စက်စက်ချစ်သူကလေးကို ငေးကြည့်ကာ နဖူးပြင်လေးကို ငုံ့မွှေးဖို့ ပြင်လိုက်ပြီးမှ တဖျတ်ဖျတ်လျှောက်လာသော ခြေသံကြောင့် ကိုယ်ကြီး ပြန်မတ်လိုက်ရတော့ နှစ်ယောက်သား ရှက်ရယ်ရယ်မိကြတော့သည် ။

မြပန်းချီက သူ့ကို 'အင်း'ဟု ခေါင်းညိတ်လက်ခံခဲ့တာ မနေ့ညက။ ပြီးတော့ ဖုန်းထဲမှာ ...

သူ့စိတ်တွေ ပြောင်းဆန်လှုပ်ရှားပြီး တစ်ညလုံး အိပ်တစ်ဝက်နိုးတစ်ဝက်။ သည် မနက်သည် သူ့ဘဝအတွက် လှပပြည့်စုံလွန်းနေတော့သည် ။ ရင်ထဲမှာ အပျော်လုံးကြီးတစ်ခုက မိုးပျံပူဖောင်း တစ်ခုလို အရှိန်နှင့် ဆောင့်တက်နေသည် ။ ဖိချထိန်းသိမ်းမရ။

နွေးထွေးလှိုက်လှဲသော မျက်လုံးချင်းအဆုံမှာ မြပန်းချီက ရှက်စနိုးလေး မျက်လွှာချ၏။

ခြေသံတဖျတ်ဖျတ်ကြောင့် နဖူးလေးကို မမွှေးလိုက်ရပေမယ့် လက်ဖျားလေးကို မိမိရရ ဆုပ်ထွေးဖျစ်ညှစ်ကာ ဓာတ်လှေကား၏ ခလုတ်ကိုနှိပ်ဖို့ မြပန်းချီကို မျက်လုံးနှင့် ပြလိုက်၏။

မြပန်းချီကကော ဘယ်လိုလုပ် နိုပ်ဖြစ်မှာ လဲ။

လက်တစ်ဖက်မှာ ဖိုင်တွဲနှင့် ကျန်တစ်ဖက်ကို ခန့်ညားအောင် ဆွဲထား၏။ သူ့အပြုအမူက ရင်ကို သိမ့်ခနဲခါအောင် ကြည်နူးစေလျက် ရှက်စိတ်ကိုလည်း ဖြန်းခနဲထစေသည် ။

သည် ကုမ္ပဏီကြီးမှာ သူက ပိုင်ရှင်၊ မန်နေဂျင်း။

ကိုယ်က (မြပန်းချီ)က ဝန်ထမ်းတစ်ဦး။

ခုလို ပေါ်ပေါ်ထင်ထင် လက်ဆွဲတာခံရတော့ အနေခက်သည် ။

တဖျတ်ဖျတ်ခြေသံက သူတို့ ရှေ့ကို ကျော်တက်မလာဘဲ နောက်မှာ ရပ်တန့်ကာ လက်တစ်ဖက် ဆန့်ထွက်လာလျက် ဓာတ်လှေကား၏ ခလုတ်ကို ဖိနှိပ်လိုက်၏။

မြပန်းချီလည်း ဆတ်ခနဲ လှည့်ကြည့်မိသည် ။

ဟင်။

ရင်ထဲမှာ ဝုန်းခနဲမြည်၏။

‘ရွှေဒွန်း’က ‘မြပန်းချီ’ကို အေးစက်စွာ စိုက်ကြည့်နေ ဖြစ်၏။

မြပန်းချီက ချက်ချင်းပြန်ပြီး အကြည့်လွှဲသွားပေမယ့် ရွှေဒွန်းကတော့ သူမကျောပြင်လေးကို ငေးကြည့်နေမိဆဲပါ။

သြော်...

မြပန်းချီရယ်...

ခုတော့လည်း သူစိမ်းတွေ။

ဘယ်တုန်းကမှ မသိကျွမ်းဘူးသူတွေလို။

ရွှေဒွန်း ရင်ထဲမှာ တင်းကြပ်သွား၏။

လှလိုက်တာ…လှနေတာထက် လတ်ဆတ်ပျော်ရွှင်ကြည်နူးနေတာ။ မျက်နှာလေးက လင်းလို့ ဝင်းလို့ ။

ကိုယ့်ကြောင့် မျက်ရည်တွေကျခဲ့ဖူးတာ၊ ငိုခဲ့ရတာတွေ ပြီးဆုံးသွားပြီထင်ပါရဲ့ ။

ပျော်နေလား။

မေးဖို့ ပင်မလိုသောမေးခွန်း။

ရွှေဒွန်းက မောပန်းမွန်းကျပ်စွာ သက်ပြင်းရှိုက်မိချိန်မှာ ခန့်ညားအောင်က ဖျတ်ခနဲ လှည့်ကြည့်၏။

"ဂွတ်မောနင်းပါ ကိုခန့်"

ရွှေဒွန်းက ယဉ်ကျေးစွာ နှုတ်ဆက်လိုက်သည် ။

"ဂွတ်မောနင်း ကိုရွှေဒွန်း"

ခန့်ညားအောင်၏ မျက်နှာက တစ်လောကလုံးကို ဘဝင်ကျကျေနပ်နေသော ဟန်ပန်အမူအရာ တစ်မျိုးနှင့် လင်းလက်နေ၏။

သူတို့ နှစ်ယောက် အလွန်တရာ လိုက်ဖက်လွန်းပါလား။ ထိုအတွေးက ရင်ကိုအောင့်သွား စေသည် ။

ဓာတ်လှေကားကို သုံးယောက်အတူတူ စီးဖြစ်ရင်း

"ဒီနေ့လယ်စာ အားလုံးကို ကျွန်တော်ကျွေးမယ် ကိုရွှေဒွန်း ပြောထားပေးပါ"

"ဟုတ်ကဲ့"

ရွှေဒွန်းက ဆတ်ခနဲ ခေါင်းညိတ်သည် ။

ကိုယ်က မန်နေဂျာပဲ။ ပြောထားပေးပါဆိုတာကို ပြောထားပေးရမည်လေ။ စာဒက တက်စရာမရှိ၊ ငြင်းဆန်လို့ မရ။ ဝတ္တရားက ခေါင်းညိတ်ရုံသာ။

ဓာတ်လှေကားတံခါး ဖွင့်သွားတော့ ရွှေဒွန်း ရှေ့မှ လျှောက်လာခဲ့၏။ နောက်လှည့် မကြည့်ဖြစ်။

သို့ပေမယ့် သူ့စိတ်တွေက ပိုက်ကွန်တစ်ခုထဲမိနေသလို ရှုတ်ထွေးတင်းကြပ်ပြီး ရုန်းလို့ မရ။

သည် သတင်းကို သဲ့သဲ့ကြားမိပေမယ့် သူ မယုံခဲ့ပါ။ မြပန်းချီကို သူ ယုံကြည်နေခဲ့သေးသည် ။

ခုတော့ မျက်ဝါးထင်ထင်။

လက်မခံလို့ မရ။ မယုံလို့ မရ။

ကိုယ်တိုင်တွေ့တာ၊ ကိုယ်တိုင်ကြားတာ။

ကိုခန့်က အောင်ပွဲခံဖို့ နေ့လယ်စာပင် ကျွေးတော့မည်။

မြပန်းချီ...

ကိုယ်တို့ တကယ်ဝေးကြပြီလားကွာ။

ခြေတစ်လှမ်းချင်းကို သူ မနည်းအားစိုက်လျှောက်ခဲ့ရပြီး အလုပ်စားပွဲကိုရောက်တော့ ပစ်ထိုင်ချလိုက်၏။

သူ့မျက်နှာ ဘယ်လောက်ပျက်နေလိုက်မလဲ။

သက်ပြင်း ဘယ်နှစ်ကြိမ်ရှိုက်မိမှန်း သတိမထားဖြစ်။

မျက်လုံးထဲပြည့်လာသော ပူနွေးစိုစွတ်မှုကို အံကြိတ်ကာ တင်းခံထားမိသည် ။

ယောက်ျားပဲ၊ မျက်ရည်မကျဘူးကွာ။

အံကြိတ်ကာ လက်သီးဆုပ်မိသည် ။

***

"မြပန်းချီ"

"ဟင်"

စိတ်တွေ မွန်းကျပ်ပြီး အနေခက်လှစွာ အဝေးကြီးကို ပြေးထွက်သွားချင်သည့်ခဏမှာ ခန့်ညားက လက်ကိုဖမ်းဆုပ်ထားတော့ ချွေးစေးလေးတွေ လက်ထဲပြည့်လာသလိုပါ။

"နေမကောင်းဘူးလား၊ လက်ဖျားတွေ အရမ်းအေးနေတယ်၊ ညက အိပ်ပျော်ရဲ့ လား"

အကြင်နာပါသော မေးခွန်းကို မြပန်းချီ မဖြေမိပါ။

"ကျွန်တော် လုံးဝအိပ်မပျော်ဘူး"

အမှန်အတိုင်း ဝန်ခံလိုက်တာဟု ယုံကြည်မိသည် ။

"မြပန်းချီ"

"ရှင်"

ခဏခဏခေါ်နေမိတာလည်း အပျော်လွန်နေမိတာပါပဲ။ တဖွဖွခေါ်ကာ နေချင်မိသည် ။

"နေကောင်းရဲ့ လား"

"ကောင်းပါတယ်"

"ပျော်ရဲ့ လား"

"ပျော်ပါတယ်"

"ကျွန်တော်က မြပန်းချီကို အရမ်းပျော်အောင်ထားမယ်"

"ယုံပါတယ်"

ခန့်ညားအောင်ကို မော့်ကြည့်ကာ ပြုံးမိသည် ။

ရွှေဒွန်းနှင့် တည့်တည့်လာတိုးတော့ ဘာလုပ်ရမှန်းမသိ။ မျက်နှာမထားတတ်။ အနေခက် မိသည် ။

သူ့အကြည့်တွေက ရင်နာသလိုလို။ နှမြောသလိုလို။

မကြည့်ပါနဲ့ ...

ဒီလိုမျက်လုံးတွေနဲ့ ...။

မြပန်းချီကို အသည်းခိုက်အောင် နာစေသည် ။

မချစ်လို့ ခွဲသွားခဲ့တာမဟုတ်လား။

သွေးအေးစွာ ရက်ရက်စက်စက် ပစ်ထားခဲ့ပြီးမှ ...

ခုမှ လွမ်းမနေပါနဲ့ တော့။

ပြန်ဆက်လို့ မရပါဘူး။

ကျကွဲသွားတဲ့ ပန်းကန်တစ်ချပ်၊ အစိတ်စိတ်အမြွှာမြွှာဖြစ်သွားပြီးမှ တော့ ဒုက္ခခံ ဆက်နေလည်း ဒဏ်ရာတွေနဲ့ မလှပတော့ပါဘူး။

နောက်လှည့်မကြည့်တော့ဘူး။

"မြန်ပန်းချီ ဘာဖြစ်လို့ လဲ"

"ဟင့်အင်း"

ခန့်ညားအောင်က ဂရုတစိုက်ရှိလွန်း၏။

"ကျွန်တော် ဒီနေ့ကစပြီး မှန်နှစ်ချပ်ဖြစ်သွားပြီ"

"ဟင်"

မြပန်းချီက သူ့ဆိုလိုရင်းကို မရှင်းလင်း။

"မှန်တစ်ချပ်က မြပန်းချီမျက်နှာလေ"

သူ့ရယ်သံက ချိုကြည်ပြီး လွင်နေ၏။

"မျက်နှာတစ်ချက် မည်းရအောင် ဂရုစိုက်မယ်"

အသံမထွက်ပေမယ့် ကြည်နူးစွာ စိတ်ထဲမှာ ရယ်မိသည် ။

သိပ်ကို တည်ကြည်ခန့်ညားသော လူတစ်ယောက်။

ဘာလို့ စောစောက မတွေ့ခဲ့ကြတာလဲ။

သည် လောက် လှပနူးညံ့တဲ့ ချစ်ခရီးလမ်းတစ်ခုကို ဘာလို့ နေမြင့်မှ လျှောက်ခွင့်ရတာလဲ ဟင်။

စိတ်ထဲမှာ တနုံ့နုံ့နှင့် တနင့်နင့်နှင့် ခံရခက်သည် ။

ရင်ထဲမှာ ရှိသမျှ အချစ်တွေပုံအောပြီး ပေးဆပ်ချစ်ခဲ့မိတာက ရွှေဒွန်းကို...။

အသည်းနုနုမှာ ဒဏ်ရာများ စွာ ရရှိခဲ့ပြီးမှ နှလုံးသားက သကာရည် ထဲပြုတ်ကျသွားသလို။

ကိုခန့်ရယ်…အချိန်တွေကို လှည့်ယူလို့ ရရင် ပြန်လှည့်ပစ်ချင်ပါရဲ့ ။ ခါးတဲ့ အချစ်တွေ မြပန်းချီ ဘဝထဲက ဖွဲ့ထုတ်ပစ်ချင်မိတယ်။ အတိတ်ကို မေ့ပစ်ချင်တာပါ။

ခန့်ညားအောင်က မြပန်းချီကို တမြတ်တနိုးငုံ့ကြည့်ကာ ချစ်မဝ။ ရင်ထဲမှာ ကြည်နူးလှိုင်း တစ်ခု ပြေးနေသည် ။

စ မြင်မြင်ချင်းကတည်းက ရင်ခုန်စွာ စိတ်ဝင်စားခဲ့တာ။ တစ်ခါမှသည် လိုမဖြစ်ဖူးပါ။

ကိုယ့်ကုမ္ပဏီက ဝတ်စုံပြာနုနုကို ဝတ်ဆင်ထားပေမယ့် တခြားကောင်မလေးတွေလိုမဟုတ်။

အရမ်းချစ်စရာကောင်းသည်

ဆံပင်တွေကို ကျားလက်သည်းညှပ် အဖြူကလေးနှင့် တင်ထားပြီး အင်္ကျီဖြူလွလွ ကလေးနှင့်။

လည်ပင်းမှာ ဝန်ထမ်းကတ်ကို ကြိုးကလေးနှင့် ဆွဲထား၏။ သေသေချာချာကြည့်ကာ အမည်လေးကို ဖတ်မိသည် ။

မြပန်းချီ။

မြပန်းချီတဲ့ လား။

ရင်ခုန်စေသော အမည်လေးတစ်ခု။

ဖော်ရွေမိတ်ဆက်သော အပြုံးတစ်ခုနှင့် ခန့်ညားက စတင်နှုတ်ဆက်ခဲ့ပေမယ့် တစ်ဖက်က အေးစက်စက်ကလေး။

"ကျွန်တော်တို့ စတွေ့တုန်းက အချိန်ကလေးကို ပြန်စဉ်းစားမိတယ်"

"ဩော်"

"မြပန်းချီရော"

"အင်း…မှတ်မိပါတယ်"

အမြဲတမ်းလိုလို အဖြူရောင်အင်္ကျီကလေးတွေပဲ ဝတ်ထားသော မြပန်းချီမှာ ချစ်စရာ ကောင်းသော အဖြူရောင် စိတ်ဓာတ်ကလေးရှိ၏။ သူ့ဘဝမှာ သူစိမ်းမိန်းကလေးတစ်ယောက်ကို သက်ဝင်မြတ်နိုးမိလိမ့်မည်ဟု မထင်ထားခဲ့ပါ။ သူ့စိတ်က အလုပ်တွေထဲမှာ ။ ပြီးတော့ သူက ခေါင်းမာသည် ။ ဒါဆိုဒါ…ရည်ရွယ်ချက်ကို မဆုတ်မနစ် ဖွဲ့မလျှော့စတမ်း လုပ်တတ်သည် ။

"ကျွန်တော် မြပန်းချီကို မြင်မြင်ချင်း သဘောကျခဲ့တယ်"

ဖွဖွကလေးပြုံးကာ သူ့ကိုကြည့်လာသော မျက်လုံးကလေးတွေက တလက်လက်နှင့် စူးရှဝင်းပအရည်လဲ့ဖြာနေ၏။

မျက်လုံးချင်းအဆုံးမျှ တစ်ယောက်ကိုတစ်ယောက် နှစ်သက်မြတ်နိုးခြင်းများ စွာနှင့်…။

***

စိတ်ထဲမှာ ထင်ထားခဲ့ပေမယ့် တကယ်တမ်းမြင်လိုက်ရတော့လည်း ခြေစုံရပ်မိကာ အံ့အား သင့်သည် ။

မြပန်းချီက ပင့်သက်ကလေးရှိုက်ကာ ရွှေဒွန်းကို ကြည့်လိုက်၏။ ရွှေဒွန်းက မြပန်းချီ အနားကို လျှောက်လာသည် ။

သူ တမင်လာစောင့်နေတာထင်ပါရဲ့ ။

"မြပန်းချီ"

ပြန်မထူးမိပေမယ့် မော့်ကြည့်မိသည် ။

"ခဏ စကားပြောချင်တယ်"

'ရွှေဒွန်း'က မြပန်းချီမျက်နှာကို စူးစိုက်ကြည့်ကာ တောင်းဆို၏။

"သမီးကို ကြို့ပြီးရင် ကော်ဖီဆိုင် ခဏသွားထိုင်ရအောင်"

မြပန်းချီက ခေါင်းခါမငြင်း။ ခေါင်းလည်း မညိတ်။ နှုတ်ဆိတ်ငြိမ်သက်နေ၏။

"ဟော..သမီး လာပြီ"

ရွှေဒွန်းက သမီးကလေး "ရွှေရတနာပန်းချီ"ကို ချက်ချင်းပြေးသွားပြီး ကောက်ချီလိုက်၏။

"ဖေဖေ...ဟင် မေမေ"

မလှမ်းမကမ်းမှာ မြပန်းချီကိုပါ တွေ့လိုက်ရတော့ သမီးက အပျော်

လွန်ပြီး တစ်ခစ်ခစ်ရယ် သည် ။

"မေမေလည်း ပါတယ်"

"ဟုတ်တယ် သမီးရဲ့ "

"မုန့်သွားစားမယ်"

"အင်း...သွားကြမယ်၊ သမီးက ဘယ်မှာ စားချင်လဲ"

'ရွှေရတနာပန်းချီ'က သွားချင်သော ဆိုင်အမည်ကို သုံးလေးခုရေရွတ်ပြ၏။ သူ့အမေအနား ရောက်တော့ အဖေလက်ထဲကနေ လက်နှစ်ဖက်ဆန့်တန်းပြီး အမေဆီ ရောက်သွား၏။ သမီးက သူငယ်တန်းကျောင်းသူကြီး ဖြစ်နေပြီ။ အရပ်လည်း ရှည်ထွက် လာပြီ။

မြပန်းချီက သူ့သမီးကို ဖွဖွကလေး မွှေးရှိုက်ပြီး ပြန်ချပေး၏။

"ဖေဖေချီ"

ရွှေဒွန်းက ချွဲတတ်သော သမီးကို ပြန်ကောက်ချီ၏။

သမီးချီထားသော သူ့ဘေးမှာ မြပန်းချီက နွေးသောခြေလှမ်းများ နှင့် ပါလာ၏။ ခေါင်းလေး မသိမသာငုံ့ကာ မျက်နှာလည်း ပျက်နေသည် ။

သမီးကြိုက်သော ကော်ဖီနှင့် မုန့်ကို မှာ ပေးပြီး မြပန်းချီနှင့် မျက်လုံးချင်းဆုံမိပြန်သည် ။

"မြပန်းချီ...ကိုခန့်ကို ခေါင်းညိတ်လိုက်ပြီလား"

မြပန်းချီက ပြန်မဖြေဘဲ သူ့ကိုငေးကြည့်နေသည် ။

"ကိုခန့်က သဘောကောင်းပါတယ်"

သူ့စကားကို ငြိမ်သက်စွာ နားထောင်နေ၏။

"ကိုယ်တို့ က ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီးသားပဲလေ၊ မြပန်းချီ ဆန္ဒရှိတဲ့ သူကို ရွေးချယ်ခွင့်ရှိပါတယ်"

သမီးလေးကတော့ အဖေနှင့်အမေ အတူတူလာကြိုတာကို အပျော်လွန်ပြီး တခစ်ခစ် ကျေနပ်နေ၏။

ဘာလို့ များ သည် လူနှင့် သည် သမီး ရှိနေရတာလဲ။

တကယ်လို့ သည် လူနှင့် သည် သမီး ရှိနေလျှင်လည်း ပျော်ရွှင်စရာမိသားစု ဖြစ်သင့်သည် ။ ကိုခန့် မရှိသင့်ပါ။

သို့ပေမယ့် အခုချိန်မှာ ကိုခန့်မရှိလျှင် အဓိပ္ပာယ်ရှိမှာ မဟုတ်။ မြပန်းချီအတွက် မရှိမဖြစ် လိုအပ်သည် ။

"သမီးအတွက်ရော"

"ရှင်"

"သမီးကို ထည့်စဉ်းစားရဲ့ လား"

ရွှေဒွန်းအမေးကို မြပန်းချီက နှုတ်ခမ်းလေးမဲ့ကာပြုံး၏။

ဘာတွေမေးနေတာလဲ ကိုရွှေဒွန်း။

တစ်ခါတလေ စိတ်ကူးပေါ်လျှင် သမီးကို ကျောင်းမှာ လာတွေ့ရုံကလွဲပြီး ဘာတာဝန်တွေ ကိုများ အဖေတစ်ယောက်အနေနှင့် ယူထားသေးလို့ လဲ။

မြပန်းချီ၏ ဖေဖေနှင့် မေမေက သူ့မြေးကို အသက်လောက်ချစ်တာ အရမ်းဂရုစိုက်တာ။ အဘိုးအဘွားကပဲ အဖေအမေဖြစ်နေခဲ့တာ။ ဒါတွေအားလုံး သိပြီးသားပဲမဟုတ်လား။

ကိုခန့်ကရော သမီးကလေးကို မချစ်လို့ လား။

ဘယ်တော့ဖြစ်ဖြစ် သမီးကို သတိတရနှင့် လိုအပ်တာလေးတွေ ဖြည့်ဆည်းပေးတတ်တာ။

မြပန်းချီက ဘာကိုများ ထပ်ပြီး စဉ်းစားရမှာ လဲ။

စဉ်းစားဖို့ တွေဝေဖို့ လိုအပ်ပါရဲ့ လား။

"မြပန်းချီ"

"ဟင်"

ရွှေဒွန်းက မြပန်းချီကို စိုက်ကြည့်လာ၏။

"သမီးကိုခေါ်ပြီး ကိုယ်နဲ့ လိုက်ခဲ့ပါလား။ ကိုယ်တို့ အဝေးကြီးကို ထွက်သွားမယ်။ မြပန်းချီနဲ့ သမီးလေးကို ကိုယ်စောင့်ရှောက်နိုင်ပါတယ်။ စိတ်ချပါ။ ကိုယ် အစစအရာရာ တာဝန်ယူမှာ ပါ။ ကိုယ်နဲ့ လိုက်ခဲ့ပါလား"

မြပန်းချီက ရွှေဒွန်းကို စိတ်ပျက်စွာ ကြည့်သည် ။

မဖြစ်နိုင်တာတွေ လာပြီး ပြောနေသလိုလို။

မြပန်းချီအကြည့်က သူ့မျှော်လင့်ချက်ကို သေဆုံးစေပါသည် ။ ဟုတ်တာပဲ အစကတည်းက အဲဒီလိုသာ ဆုံးဖြတ်နိုင်ခဲ့ရင် ပြတ်သားခဲ့ရင် သည် လိုတွေတောင် ဖြစ်နေစရာ မရှိပါ။ သူတို့ သုံးယောက် ခွဲစရာပင် မလို ။ ကြေကွဲခံစားနေစရာ မရှိ။

သူ့ချစ်သူ....သူ့ဇနီး ဖြစ်ခဲ့ဖူးသော မြပန်းချီသည် သူ့ကို မိဘနှစ်ပါးထက်ပို၍ ချစ်တတ်သူ မဟုတ်။ မြပန်းချီ၏ ဘဝတွင် သူနံပါတ်တစ် မဟုတ်ခဲ့ပါ။

မြပန်းချီက အမေချစ် အဖေချစ်...သမီးအလိမ္မာ။

"သမီး...ရေခဲတွေ မစားရဘူးလေ...အာသီးရောင်မယ်" ရွှေရတနာ

လေးကို မြပန်းချီက ဟန့်ထား၏။

သမီးက ကော်ဖီအေးထဲက ရေခဲတုံးကလေးတွေ ယူစားနေတာ။ ကလေးဆိုတော့ ရေခဲကြိုက် သည် ။

"မနေ့ကပဲ လည်ချောင်းနာတယ်ဆို"

ရွှေဒွန်းက မြပန်းချီကို နှမြောကြေကွဲစွာ ကြည့်ရင်း

"တကယ်ဆုံးဖြတ်ပြီးပြီလား" ဟု မေးမိ၏။

"အင်း"

လွယ်တကူလေး ခေါင်းညိတ်ပြပေမယ့် သူ့အတွက်တော့ ကြိုးပြတ်သွားသော စွန်လို လစ်ဟာ သွား၏။

ဪ...ကိုယ့်ကို တကယ်ပဲ ကျောခိုင်းတော့မှာ ကိုး။ ဟိုတုန်းက လမ်းခွဲခဲ့ပေမယ့် သည် လို မဟုတ်တာ သေချာသည် ။

"ဘယ်တော့မှ ပြန်မလာနိုင်တော့မယ့် လမ်းနော်"

ရွှေဒွန်းက သတိပေး စကားဆို၏။

"ရှင်...သိပ်ကြောက်စရာကောင်းတယ်"

မြပန်းချီက မှတ်ချက်ချ၏။

တကယ်ပါပဲ သူ့လိုလူတစ်ယောက်ကို မြပန်းချီ ဘာလို့ ချစ်ခဲ့လဲ။ ဘာလို့ လက်ထပ်ဖြစ်ခဲ့ တာလဲ။

အရမ်းနောင်တရသည် ။

"ကိုယ်က ကြောက်စရာကောင်းတယ်၊ ဟုတ်လား"

မြပန်းချီက မဖြေဘဲ မျက်နှာလွှဲနေသည် ။

"ဘာလို့ လဲ၊ ဘာကြောက်စရာကောင်းတာလဲ"

ရွှေဒွန်း ခံရခက်စွာမေး၏။ သည် လိုပါပဲ မြပန်းချီ၏ စကားတွေက သူ့ကို ပူလောင်စေသည် ။ ထိုးနှက်သည် ။

"ပြောပါ၊ ကိုယ်သိချင်တယ်၊ ပြောပြစမ်းပါ"

သူ့အသံက အနည်းငယ်မာပြီး ကျယ်သွားတော့ သမီးလေးက လန့်ဖျပ်ပြီး မော့ကြည့်သလို မြပန်းချီက ရှက်စိတ်နှင့် မျက်နှာပျက်သွား၏။

"ရှင် မအော်ပါနဲ့ "

ခပ်တိုးတိုးသတိပေး ဖြစ်၏။

"ဆောရီး"

အဲဒါတွေ မတူတာ...

ကိုခန့်ဆို ဘယ်တော့မှ အော်ကြီးဟစ်ကျယ် မလုပ်တတ်။ စိတ်ထဲ သိပ်ထိခိုက်လာလျှင် ပေါက်ကွဲချင်မိလျှင် ရှောင်ထွက်သွားတတ်သည် ။

"ကိုယ် တောင်းပန်ပါတယ် မြပန်းချီရယ်"

ရွှေဒွန်း မျက်နှာသိသိသာသာ ညှိုးသွား၏။

"မြပန်းချီ ဘယ်လောက်ရှက်တတ်တယ်၊ ဘယ်လောက် သိမ်မွေ့နူးညံ့တယ်ဆိုတာ ကိုယ်သိပါတယ်"

မြပန်းချီက သူ့ကို စိတ်ပျက်လက်ပျက်ကြည့်၏။

"ကျွန်မတို့ ပြန်ကြစို့"

"ကိုယ်ပြောစရာတွေရှိသေးတယ်"

သူ ဇွတ်တောင်းဆိုမိ၏။

ရွှေဒဂ္ဂနင်္ အ ပေ ါမ၂၁ မနှစ်သက်ဆုံး၊ ခါးသီးမိဆုံးအရာက ဇွတ်တရွတ်ပြောတတ်လုပ်တတ်တာ ကိုပါပဲ။

မြပန်းချီ၏ မိဘတွေကို သူက မိဘရင်းလို သဘောမထား။ သည်းခံနိုင်စွမ်းမရှိ။ အမြဲအပြစ် မြင်သည် ။ သူ့သဘောထားကို လုံးဝခွင့်မလွှတ်နိုင်။

အခုလောလောဆယ်ပဲကြည့်...

ရွှေရတနာပန်းချီလေးကို ဖေဖေနှင့်မေမေက ရှူးရှူးမူးမူး အသက်လောက်ချစ်တာ၊ သူက အဝေးကြီးခေါ်ထုတ်သွားချင်သေးသည် ။ မိဘဖြစ်ပြီး မိဘချင်း ကိုယ်ချင်းမစာနာတတ်ပါလား

မြပန်းချီကို ခေါ်ထုတ်သွားတုန်းက ထားပါတော့။ အဲဒီတုန်းက မိဘနေရာ မရောက်ဖူးသေး တော့ ကိုယ်ချင်းမစာတတ်တာ ဗွေယူလို့ မရ။

"မြပန်းချီနဲ့ သမီးကို ကိုယ်မစွန့်လွှတ်နိုင်ဘူး"

"ဘယ်လို"

"ဟုတ်တယ်၊ ကိုယ့်ဇနီးနဲ့ ကိုယ့်သမီးကို ကိုယ်မစွန့်လွှတ်နိုင်တာ ဆန်းသလား"

"ရှင် အတ္တကြီးလွန်းတယ်"

မြပန်းချီ မျက်နှာလေးက ရေခဲပြင်တစ်ခုလို အေးစက်ဖွေးဆုပ်သွားခဲ့၏။ သည် တစ်ခါ ပြဿနာလုပ်လို့ ရမယ်ထင်ပါသလား။

သူနှင့် မြပန်းချီ ကွာရှင်းခဲ့ပြီးသား။

သမီးလေး ရွှေရတနာပန်းချီလည်း အမေနှင့်အတူ အရွယ်ရောက်ချိန်အထိနေဖို့ သဘောတူညီမှု ရခဲ့ပြီးသား။

ရှင် ဘာများ တတ်နိုင်မှာ မို့လဲ။

မြပန်းချီ လက်ထပ်တာကို ရှင် ထိုင်ကြည့်နေရုံပဲရှိတော့တာ။

ဟိုတုန်းကလို ပြန်ခေါ်တာတွေ၊ ပြန်တောင်းတာတွေ လုပ်လို့ ရမှာတဲ့ လား။

တဖြည်းဖြည်းပြုံးလာသော မြပန်းချီ မျက်နှာလေးကိုကြည့်ကာ ရွှေဒွန်း လန့်မိသည် ။

သွေးအေးစွာ ရက်စက်တော့မည်ဆိုတာ နားလည်၏။

"ဖြစ်ခဲ့တာတွေအားလုံး ကိုယ် မြပန်းချီကို သိပ်ချစ်လို့ ၊ မခွဲနိုင်လို့ သမီးလေးကို မပေးနိုင် လို့ ပါ။"

"ကိုရွှေဒွန်း…ရှင့်ကို ပြတ်ပြတ်သားသားပြောထားမယ်၊ ကျွန်မကိစ္စတွေကို ဝင်မနှောင့်ယှက် ပါနဲ့ "

"ကိုယ် ကတိမပေးနိုင်ဘူး"

"ကတိတောင်းတာ မဟုတ်ဘူး ၊ သတိပေးနေတာပါ၊ နောက်မှ ကျွန်မအလွန်ဖြစ်မယ်"

"ကိုယ် သမီးလေးနဲ့ မခွဲနိုင်ဘူး"

"ဒီအခြေအနေတွေအားလုံး ဒီအတိုင်းရှိနေမှာ ပဲလေ"

"ကိုယ် နားမလည်ဘူး"

မြပန်းချီ စိတ်ကိုလျှော့လိုက်ပြီး ပင့်သက်ရှိုက်၏။

"သမီးက အမေတို့ နဲ့ ပဲနေမှာ ပါ"

"ဩော်"

"ရှင်...အေးအေးမနေဘဲ လျှောက်နှောင့်ယှက်ရင် ကျွန်မကို ကိုခန့်ဆီ အမြန်တွန်းပို့သလိုပဲ ဖြစ်မှာ၊ အကျိုးမရှိဘူး"

"လက်ထပ်ဖို့ ဆုံးဖြတ်ပြီးကြပြီမဟုတ်လား"

"ကျွန်မ မညာချင်ဘူး ကိုရွှေဒွန်း"

မြပန်းချီက သမီးလေးကို တစ်ရှူးပေပါနှင့် လက်တွေ၊ နှုတ်ခမ်းတွေ သုတ်ပေး၏။

"ကိုယ်မှားပါတယ် မြပန်းချီရယ်"

လှိုက်လှဲနင့်ခါစွာ ပြောမိသည်။

"ကိုရွှေဒွန်း...အခုချိန်မှာ ရှင့်နောင်တတွေ အသုံးမဝင်တော့ဘူးနော်၊ ဒါကို သိထား သင့်တယ်"

"အင်း...ကိုယ်တတ်နိုင်သလောက် ဆင်ခြင်ပါ့မယ်"

ရွှေဒွန်းက ခပ်လေးလေးခေါင်းညိတ်သည်။

"ဒါပေမဲ့ မြပန်းချီ"

မြပန်းချီက သူ့ဆီလှမ်းကြည့်၏။ မျက်လုံးချင်းဆုံမိကြသည်။

"ရွှေရတနာပန်းချီလေးရဲ့ အဖေက ကိုယ်၊ အမေက မြပန်းချီပဲ၊ ဒါတစ်သက်လုံး ဘယ်သူမှ ပြောင်းလဲပျက်ပြယ်သွားအောင် မလုပ်နိုင်ဘူး၊ ကိုယ်တို့ မှာ သမီးလေးတစ်ယောက်ရှိတယ်"

ရွှေဒွန်းစကားက အပ်တစ်ခုလို နှလုံးသားထဲ စူးဝင်သွား၏။

"အဲဒီခါးသီးမှုကို ကျွန်မတစ်သက်လုံး ကျောခိုင်းမယ်"

ပြတ်သားနာကျင်စွာ ပြောလာ၏။

"အဝေးဆုံးကို ထွက်သွားမယ်၊ ရွှေရတနာပန်းချီဆိုတာ ကျွန်မလုပ်ခဲ့တဲ့ အမှားတစ်ခုအတွက် ပြစ်ဒဏ်တစ်ခု သင့်နေတာပဲ၊ ကျွန်မအပြစ်အတွက် ကျွန်မပေးဆပ်နေရတာ၊ ရှင့်ကိုချစ်ခဲ့တာ၊ လက်ထပ်ခဲ့တာ ကျွန်မမိဘတွေ စိတ်ဆင်းရဲရတာ၊ အဲဒါတွေအတွက် ကျွန်မပြန်ပြီး ခံစားနေရတာ ဝဋ်တစ်ခုပဲ"

"ဟာ"

ရွှေဒွန်း လန့်ပြီး ကိုယ်ကြီးနောက်ဆုတ်မိ၏။

သည် လောက်တောင်ပဲလား မြပန်းချီရယ်။

ကိုယ်နဲ့ သမီးလေးကို ခုလောက်အထိ အမြင်အစွန်းရောက်သွားပြီလား။

တုန်လှုပ်သွေးပျက်စွာနှင့် ဘာထပ်ပြီး ပြောရမှန်းပင် မသိတော့ပါ။

ဖြစ်မှ ဖြစ်ရလေ မြပန်းချီရယ်။

ကိုယ်က မင်းကို အချစ်ခါးခါးတွေ ပေးခဲ့မိပါရောလား။

ခွတ်တရွတ်နိုင်မှု တစ်ဖက်သားကို နားလည်မပေးနိုင်မှု။ ပြီးတော့ ကိုယ်ထင်တာ ကိုယ်အမှန်။ ကိုယ့်အယူအဆကို ကိုယ်ထောက်ခံရင်း တစ်ဖက်သတ်အချစ်ကြီး ချစ်ပြီး လောဘတွေနှင့် ပူလောင်ခဲ့မိတာ။ ကိုယ့်ပူလောင်မှုတွေ မင်းကို အပူဟပ်ခဲ့ပြီလား။

"ကျွန်မ ကိုခန့်ကို လက်ထပ်မယ်၊ ပြီးရင် ဝေးသထက်ဝေးဝေး သွားတော့မယ်၊ ရှင့်ကို ကျွန်မ သိပ်နာကြည်းခဲ့တယ်။ ဒါပေမဲ့ ရှင်စိတ်ချပါ။ ရှင်က ကျွန်မကို မိဘတွေနဲ့ ခွဲချင်တယ်၊ အခု တကယ်ခွဲရတော့မှာ ၊ ဖေဖေနဲ့ မေမေအတွက် ကျွန်မသမီးလေးကို အလွှမ်းပြေထားပေးခဲ့မယ်"

"တော်ပါတော့ မြပန်းချီရယ်"

ရွှေဒွန်းက လက်ကာပြီး တားမိသည် ။

အရှုံးပေးပါပြီကွာ။

ကိုယ် လက်မြှောက်အရှုံးပေးပါပြီ။

ကိုယ့်ကို အနိုင်ယူပါ။ ချန်ရစ်ခဲ့ပါ။ ကိုယ် ကျေနပ်စွာနေခဲ့တော့မှာ ပါ ။

"သမီးလေးကို လိုက်ပို့ပါရစေ"

ရွှေဒွန်းက တောင်းတောင်းပန်ပန် တောင်းဆို၏။

အစတုန်းကတော့ ရှင် ဒီလိုမဟုတ်ခဲ့ဘူး ကိုရွှေဒွန်းရယ်။ သိပ်အတ္တကြီးပြီး ပိုင်စိုးပိုင်နင်းနဲ့ ရှင့်ဆုံးဖြတ်ချက်တစ်ခုကိုပဲ အမိန့်လို လိုက်နာနေခဲ့ရတယ်နော်။

ရှင်ပြောင်းလဲသွားခဲ့တာလည်း မပြောင်းလဲလို့ မရတော့လို့ ပါ။ အားလုံးရှေ့မှာ ရှင်ရှုံးနိမ့်ခဲ့ လို့ ပါ။

ရွှေဒွန်းက သမီးကိုချီပြီး ရှေ့ကလျှောက်သွား၏။

သူပြန်ပို့မည်ဆိုမှ တော့ မြပန်းချီ စိတ်ပူစရာမလိုတော့။ ကားဆီပြန်လျှောက်လာခဲ့၏။

"ဦးလေးမော်...ရပြီ မောင်းတော့"

"ကလေးရော"

ဦးလေးမော်က စိတ်မချဘဲ မေးနေသေး၏။

"သူ့အဖေ ပြန်ပို့လိမ့်မယ်"

"သြော်…ဟုတ်လား၊ အမေကြီးက စိတ်မချဖြစ်နေမယ်"

"ရပါတယ်၊ ခါတိုင်းလည်း သူ လာကြိုပြီးအိမ်ပြန်ပို့ပေးနေကျပဲ မဟုတ်လား၊ မေမေ ဘာမှ မပြောပါဘူး"

"ဟုတ်တော့ ဟုတ်ပါတယ်"

မြပန်းချီက သမီးကိုချီပြီး သူ တက်စီငှားနေတာကို လှမ်းကြည့်မိ၏။ မိသားစု ဆိုပေမယ့်လည်း ရေစက်က ကုန်ပြီထင်ပါရဲ့ ၊ တစ်ယောက်တစ်လမ်းစီ လျှောက်ရတော့မည်။

သမီးလေးက အဘိုးအဘွားနှင့် ကျန်ရစ်ပြီး မြပန်းချီက ကိုခန့်နောက်ကို လိုက်သွားရမှာ ။

သူရော…ကိုရွှေဒွန်းရော သူ ဘယ်လိုလုပ်မလဲ။

တစ်ချက်တော့ တွေးမိသေး၏။

နောက်တော့ ကြာလာရင် သူ့ဘဝတစ်ခု သူတွေ့မှာ ပါ။

မြပန်းချီ သူ့အကြောင်း ဆက်မတွေးတော့ပါ။

အိမ်ရောက်တော့ မေမေက သူ့မြေးမပါတာ မေး၏။

"ကိုရွှေဒွန်း လာခေါ်သွားတယ် မေမေ"

ဖိုင်တွဲတွေ စားပွဲပေါ်ချရင်း ကုတ်အင်္ကျီလေးကို ချွတ်ကာ မေမေ့ကိုပြောမိတော့…

"ဟဲ့…ဘာလို့ ထည့်လိုက်တာလဲ"ဟု မေမေက အလန့်တကြားမေးလာ၏။ မြပန်းချီ အံ့အားသင့်မိသည် ။ ခါတိုင်းလည်း သူ့အဖေက ကျောင်းသွားကြိုပြီး အိမ်ပြန်ပို့ပေးတတ်သည် ။ သည် နေ့မှ မေမေက ဘာကို ပူပန်နေတာလည်း မသိပါ။

"ဘာဖြစ်လို့ လဲ မေမေ"

"ပန်းချီရယ် အ လိုက်တာ"

"ရှင်"

မေမေ စိတ်ပူပေမယ့် မြပန်းချီ စိတ်မပူ။

"တူမလား...အခု သမီးက မောင်ခန့်ညားအောင်နဲ့ တွဲနေပြီ၊ လက်ထပ်ဖို့ လည်း ခေါင်းညိတ် လိုက်ပြီ၊ ကလေးကို သူခေါ်ပြီး ထွက်ပြေးသွားရင် ဘယ့်နှယ်လုပ်မလဲ"

"ဟင်"

မြပန်းချီ မျက်လုံးပြူးသွား၏။

"လူကြီးတွေကို မကျေနပ်တာနဲ့ ကလေးကို ဒုက္ခပေးရင် ခက်မယ်၊ ဒီလိုအချိန်အခါမျိုးမှာ မထည့်သင့်ဘူးလေ"

နှုတ်ခမ်းတွေ ခြောက်သွေ့လာသလို ခံစားရပြီး ခုံမှာ ဝင်ထိုင်ချလိုက်၏။ ရွှေဒွန်းစကားကို ပြန်ကြားယောင်လာမိသည် ။

"သမီးကိုခေါ်ပြီး ကိုယ်နဲ့ လိုက်ခဲ့ပါလား၊ ကိုယ်တို့ အဝေးကြီးကို ထွက်သွားကြမယ်"တဲ့ ။

ဒုက္ခပါပဲ။

သူ....သမီးလေးကို ခေါ်သွားပြီလား။

မြပန်းချီ ဘာမှ စဉ်းစားမနေဘဲ ကုတ်အင်္ကျီကို ပြန်ကောက်စွပ်ကာ ပိုက်ဆံအိတ်ဆွဲပြီး ကားဆီပြန်ပြေး၏။

မေမေက ဘယ်လဲ သမီးဟု မေးတာကို သမီးလေးကို သွားခေါ်မလို့ မေမေဟု အော်ဖြေခဲ့သည် ။

"ဦးလေးမော်...ကိုရွှေဒွန်းအိမ်ကိုမောင်းပါ"

"အေး...အေး"

မြပန်းချီရင်ထဲမှာ စိုးထင့်သွား၏။

"ဘာမှ တော့ မဖြစ်ပါဘူး သမီးရယ်၊ ကလေးက မောင်ရွှေဒွန်းက လေးပဲဟာ စိတ်မပူပါနဲ့ "

ဟုတ်တော့ ဟုတ်ပါသည် ။

သို့ပေမယ့်လည်း တစ်ထစ်ချမဟုတ်သေးပါ။

မြပန်းချီအပေါ်၊ မြပန်းချီမိဘတွေအပေါ် နာကြည်းမျက်ရှုမှု သူ့မှာ ရှိနေမှာ ပါ။

အမေရင်းဖြစ်သည့် မြပန်းချီတောင် သမီးလေးကို သူ့သမီးဆိုပြီး စိတ်ထဲစွဲကာ သိပ်အကပ်မခံ။ အတွယ်မခံ။ ရင်ထဲမှာ ခုနေသည် လေ။

ရွှေဒွန်းနေသော တိုက်ခန်းရှေ့ ကားရပ်လိုက်တော့

"ဦးမော်ပဲ တက်ခေါ်ပေးပါ"ဟု ဆိုမိသည် ။

မြပန်းချီ ကားဘေးမှာ ထွက်ပြီးရပ်စောင့်နေမိသည် ။

"သော့ခတ်ထားတယ် သမီး"

"ရှင်"

မြပန်းချီ ခုမှ ရင်ထဲပူလောင်သွား၏။

သမီးကိုခေါ်ပြီး သူ ထွက်သွားပြီလား။

ဘာဆက်လုပ်ရမလဲ၊ ဘယ်မှာ သွားရှာရမလဲ၊ မေမ့ဆီ ဖုန်းဆက်ရမလား၊ ဖုန်းဆက်လျှင် မေမေပါ စိတ်ပူတော့မည်။

မြပန်းချီ စိတ်ရှုည်ရှည်စောင့်နေမိ၏။

အချိန်တွေ သိပ်ကြာသွားရင် ပြန်ရှာဖို့ ပိုများ ခဲယဉ်းသွားမလား။ ပင့်သက်အခါခါ ရှိုက်မိ၏။

ကိုခန့်ကို လှမ်းခေါ်ပြီး အကူအညီတောင်းရမလား။

ဒါလည်း မသင့်တော်သေးပါ။

မြပန်းချီ၏ မိသားစုကိစ္စမို့ ကိုခန့် ဝင်ပါလာလျှင်မကောင်း။

ခက်လိုက်တာ။

ဦးမော်လည်း ဘာစကားမှ မဆိုဘဲ ရပ်နေ၏။

တော်တော်ကလေး ကြာသွားတော့ ရွှေဒွန်း လျှောက်လာနေတာ မြင်ရသည် ။ သမီးလေးကို မတွေ့။

မြပန်းချီကို လှမ်းမြင်တော့ သူ့ခြေလှမ်းတွေ တန့်သွား၏။ ပြီးမှ ခပ်ဖြည်းဖြည်း လျှောက်လာသည် ။

"သမီးရော"

"ခုပဲပြန်ပို့ခဲ့ပြီ"

ရွှေဒွန်းက မြပန်းချီကို တစ်ချက်ကြည့်ကာ...

"စိတ်ပူသွားလို့ လား"ဟု မေး၏။

နှစ်သိမ့်ပြုံးလိုလို၊ အားပေးပြုံးလိုလို၊ လှောင်ပြုံးလားလည်း မသိပါ။ တစ်ချက်ပြုံးလိုက်ကာ..

"ကိုယ် သမီးကိုခေါ်ပြီး ထွက်ပြေးသွားမှာ စိုးလို့ လား"

ဟု မေးလာ၏။ ပြီးတော့ ခြောက်ကပ်စွာရယ်သည် ။

"ထွက်မပြေးပါဘူး၊ စိတ်ချပါ မြပန်းချီရယ်"

မြပန်းချီ အနားတိုးကပ်ကာဆို၏။

"ကိုယ် ကွာရှင်းမပေးနိုင်ဘူးလို့ ငြင်းတုန်းက မြပန်းချီ ငိုပြီးမေ့မျော သွားတယ်လေ၊ အဲဒီအချိန်ကတည်းက"

မြပန်းချီ မျက်နှာလေးပျက်ပြီး ခေါင်းငုံ့မိ၏။ သည် အကြောင်းတွေ ပြန်မကြားချင်တော့ပါ။

"အဲဒီအချိန်ကတည်းက ကိုယ်ဆုံးဖြတ်ခဲ့တယ်၊ မြပန်းချီ စိတ်ဆင်းရဲ အောင်၊ စိတ်ညစ်အောင် ဘယ်တော့မှ မလုပ်တော့ဘူးလို့ ထပ်တစ်ကြိမ် လုပ်မိရင် ကိုယ့်ကိုယ်ကိုယ်ခွင့်မလွှတ်ဘူး"

မြပန်းချီက ပင့်သက်ရှိုက်၏။

ရွှေဒွန်းက မြပန်းချီကို စိုက်ကြည့်ကာ...

"ကိုယ့်ရဲ့ ပြင်းထန်လွန်းတဲ့ အချစ်တွေကို မြပန်းချီနှလုံးသားက လက်ခံနိုင်စွမ်း မရှိတာကြောင့် ကိုယ်တို့ ဝေးခဲ့ရတာပါ၊ ကိုယ် အချစ်လွန် သွားတယ်၊ အရမ်းချစ်တော့ မြပန်းချီ ကြောက်သွားခဲ့တယ်"

မြပန်းချီက သူ့ကို နှုတ်ဆက်လိုက်၏။

ဆက်ပြီး နားထောင်မနေချင်တော့ပါ။

"ဦးမော်...ပြန်ကြမယ်"

ကားထဲဝင်ထိုင်ကာ ကားတံခါးပိတ်ပြီး ပြောမိ၏။

"ကိုယ် မြပန်းချီကို ချစ်နေတုန်းပဲ"

ရွှေဒွန်းက ကားပြတင်းပေါက်ကနေ ခါးကိုင်းငုံ့ချကြည့်ပြီး ဆိုလာ၏ ။

"ဒါပေမဲ့ ကိုယ် ကျေကျေနပ်နပ် နောက်ဆုတ်မှာ ပါ"

မြပန်းချီက မျက်နှာကလေး တစ်ဘက်လွှဲလိုက်၏။

"မြပန်းချီတို့ စေ့စပ်ပွဲကို ကိုယ်လာမှာ ပါ၊ မြပန်းချီ ပျော်တာကိုပဲ မြင်ချင်ပါတယ်၊ ကိုခန့်က လူကြီးလူကောင်းတစ်ယောက်ပါ"

ခြေစုံရပ်ပြီး ကျန်ရစ်သော ရွှေဒွန်းကို မြပန်းချီ လှည့်မကြည့်ပါ။ ကားထဲမှာ ငြိမ်သက်စွာ ထိုင်နေမိရင်း မျက်ရည်တွေ ရစ်ဝဲလာ၏။

နှစ်ဖက်လူကြီးမိဘတွေ တွေ့ဆုံပြီး အကျဉ်းရုံးစေ့စပ်ပွဲဖြစ်ပေမယ့် ရွှေဒွန်းက ကိုခန့်၏ မန်နေဂျာ မလာလို့ ရမှာ တဲ့ လား။

မြပန်းချီ ပင့်သက်ရှိုက်မိ၏။

ဒါတွေကို ကိုခန့်သိရင် ဘယ်လိုနေမလဲ။

ဘယ်လိုအကြောင်းကြောင့်မှ ခွဲမသွားပါဘူးဟု ကိုခန့်က ကတိပေးထားပြီးသားပါ။

ကိုရွှေဒွန်းရယ်...

တကယ်တော့လည်း ရှင့်ကို ထိခိုက်နာကျင်စေပါတော့လို့ ရည်ရွယ်ပြီး တမင်လုပ်တာ မဟုတ်ပါဘူး။

ဒါပေမဲ့ အခြေအနေအရပ်ရပ်က အဲဒီလိုဖြစ်ခဲ့တယ်။ ရှင်က ကိုခန့်မန်နေဂျာလေ။ မြပန်းချီကလည်း ကိုခန့်ကုမ္ပဏီမှာ အလုပ်ဝင်ခဲ့ဖြစ်တယ်။ ဒါတွေအားလုံးဟာ သူ့အလိုလို ဖြစ်ခဲ့တာပါ။

***

ကိုခန့်နှင့် မြပန်းချီတို့ ၏ စေ့စပ်ပွဲရက်က တဖြည်းဖြည်းကပ် လာပြီမို့ ရွှေဒွန်း ရင်ထဲမှာ မျှော်လင့်ချက်တွေ တဖြည်းဖြည်းကြဲသွား၏။ တကယ်ဝေးရတော့မှာ ပါလားဟု တွေးရင်း မချိမဆံ့ ခံစားရလာသည် ။

အချစ်ကြီးလွန်းရင် အမုန်းကြီးတတ်ပါလား။

အမုန်တကယ်တော့ ချစ်လွန်းလို့ ဝေးခဲ့ရတာပါ။

ရွှေဒွန်း၏ အချစ်တွေက မြပန်းချီကို မွန်းကျပ်စိတ်ကုန်စေခဲ့ပြီ။

"ဩော်...ကိုရွှေဒွန်း"

"ဗျာ"

ခန့်ညားအောင်၏ မျက်နှာက လပြည့်ဝန်းကြီးလို အရှိန်အဝါတောက်ပလွန်း၏။ အရာရာကို ကျေနပ်နေတာ သိသာသည် ။

"ကိုရွှေဒွန်းကို အကူအညီတောင်းစရာရှိတယ်"

"ဟုတ်ကဲ့"

ကိုယ်က သူ့မန်နေဂျာပဲ။ ပြတ်ပြတ်ခိုင်းလည်း လုပ်ပေးရမယ့်သူ။ သို့ပေမယ့် ကိုခန့်က ယဉ်ကျေးသည် ။

လိုက်ဖက်ပါပေတယ် မြပန်းချီရယ်။

တကယ်ပဲ နတ်ရေးတဲ့ ဖူးစာဖက်တွေပါ။

ရိုးသားယဉ်ကျေးသောသူနှင့် သိမ်မွေ့နူးညံ့သော မိန်းကလေး။ ကိုယ်က လူကြမ်းပါ။ မထိုက်တန်ပါဘူး

ကိုယ့်ရင်ခွင်ထဲကို အမှတ်မထင် လမ်းမှားပြီး မင်းရောက်လာခဲ့တာပါ။

ဒါကို ကိုယ်သိပါပြီ။ လက်ခံပြီးပါပြီ။

"သန်ဘက်ခါ ကျွန်တော့်ကိုယ်ရေးကိုယ်တာရှိနေတယ်လေ"

"ဟုတ်ကဲ့"

"ကျွန်တော့်သူငယ်ချင်း ရောက်လာဖို့ လည်း ရှိတယ်၊ သူ့ကို ကိုရွှေဒွန်း သွားကြိုပေးပါလား"

"ဗျာ"

ကိုခန့်စကားကို နားမရှင်းပါ။ သို့ပေမယ့် ကြိတ်ပျော်မိပြီ။ စေ့စပ်ပွဲမှာ ကိုယ်ရှိနေစရာ မလိုတော့ပြီ။

"သဒ္ဒါတဲ့ ၊ ကျွန်တော့်သူငယ်ချင်းပါ၊ သူ့ကိုကြိုပြီး အိမ်လိုက်ပို့ပေးရုံပါပဲ"

"ဟုတ်ကဲ့၊ ရပါတယ်"

"ပြီးမှ ခင်ဗျားလာခဲ့ပေါ့"

"ဘယ်ကိုလဲ"

"ကျွန်တော်တို့ စေ့စပ်မယ့်ဟိုတယ်ကို"

"ဩော်"

"သဒ္ဒါကလည်း လာချင်တယ်၊ သူလိုက်မယ်ဆိုလည်း လိုက်လာပါစေ၊ ကိစ္စမရှိဘူး"

"ဟုတ်ကဲ့"

ရွှေဒွန်းက ခန့်ညားအောင်ကို ငေးစိုက်ကြည့်မိ၏။

သန့်ပြန့်သပ်ရပ်စွာနှင့် သိပ်ကြည့်ကောင်းသည် ။ ရွှေဒွန်းရင်ထဲမှာ မောပန်းနာကျင်လာ၏။ ခေါင်းငုံ့ချမိသည် ။

စိတ်ကို ဘယ်လောက်ပဲ ဟန်ဆောင်တင်းထားတင်းထား မျက်နှာက ညှိုးရော်နေသည် ။

"ကိုရွှေဒွန်း"

"ဗျာ"

"ခင်ဗျား နေကောင်းရဲ့ လား"

ကိုခန့် သတိထားမိပြီ။

"ကောင်းပါတယ်"

"ခုတစ်လော ခင်ဗျားကိုကြည့်ရတာ မှိုင်တိုင်တိုင်နဲ့ ၊ ကျွန်တော် အားမရဘူး"

"ကျွန်တော် နေကောင်းပါတယ်"

"အလုပ်တွေပိနေတာလား"

"မဟုတ်ပါဘူး"

ခန့်ညားအောင်၏ ကြင်နာတတ်သော စိတ်ဓာတ်က လေးစားအတုယူစရာပါ။

မြပန်းချီရယ်...

ကိုယ် အမြဲငေးမောအားကျခဲ့တဲ့ လူတစ်ယောက်နဲ့ လက်ထပ်ရမှာ ကိုယ် ဂုဏ်ယူကြည်ဖြူ ပါတယ်။

"ကျွန်တော့်သူငယ်ချင်း သဒ္ဒါက ခင်တတ်ပါတယ်၊ ပွင့်လင်းတယ်၊ စိတ်တော့ ကောက်တတ် တယ်၊ ကျွန်တော်ကိုယ်တိုင် လာမကြိုရကောင်းလားလို့ အပြစ်တင်ဦးမှာ ၊ ခင်ဗျားပဲ ရှင်းပြပေးပါ၊ မိဘတွေက အဲဒီနေ့ကားမမောင်းရဘူး၊ အပြင်မသွားရဘူးလို့ တားထားတာ"

"သြော်"

ကိုခန့်စကားတွေက မြည့်နေသော အချွန်အတက်တွေလို ထိရှစေပါသည် ။

ဟား...

ရင်ထဲမှာ ခက်ခဲဝန်လေးနေလိုက်တာ။

ဘယ်လိုမှ မရှင်ပျ။

ကိုယ် ဘာလုပ်ရမလဲ မြပန်းချီ။

အဝေးကြီးကို ထွက်သွားသင့်လား။

ကိုယ် တည်တည်ငြိမ်ငြိမ်ရင်ဆိုင်ရဲပ့ါမလား။

ရင့်ကျက်မှုတွေ မရှိဘူးကွာ။

ရွှေဒွန်း ခေါင်းထဲမှာ ရှုပ်ထွေးနေ၏။

***